**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.org Email: cnf.headquarters@gmail.com

# (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့**

၁။ ယနေ့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတရပ်အဖြစ် အမျိုးသားစုစည်းမှုကို ထုတ်ဖော်ပြသပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု အပါအဝင် မျိုးနွယ်စု အကြီးအကဲများ၏ မိမိ မျိုးနွယ်နှင့် ဒေသအလိုက် မိရိုးဖလာ ကျင့်သုံးလာခဲ့သော အမွေဆက်ခံ အုပ်ချုပ်ရေးစနစ်ဟောင်းမှ ချင်းတမျိုးသားလုံး ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ကျင့်သုံးရန် အမျိုးသားရေးဆိုင်ရာ နိုင်ငံရေး ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည့် သမိုင်းဝင် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

၂။ ဤ နေ့ထူး အခါသမယတွင် အာဏာရှင်စနစ်မှန်သမျှချုပ်ငြိမ်း၍ ဖက်ဒရယ် ပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် ဆင်နွှဲနေသော ဤပြည်သူ့တော်လှန်ရေးကို အမျိုးသားရေးအောင်ပွဲအဖြစ် ခံယူတိုက်ပွဲဝင်ယင်း အသက်ပေးလှူသွားကြသည့် သူရဲကောင်း အာဇာနည်များအား ဦးညွှတ် ဂါရဝပြုကြောင်း၊ ကိုယ်အင်္ဂါ တစိတ်တပိုင်းကို ပေးလှူသွားကြသည့် ရဲဘော်ရဲမေများအား ဂုဏ်ပြုလေးစားကြောင်းနှင့် စစ်ကောင်စီ၏ အကြမ်းဖက်မှုကြောင့် မိဘပြည်သူများ၏ လူမှုဒုက္ခ ကြုံတွေ့နေမှုများအပေါ် ထပ်တူထပ်မျှ ခံစား စာနာကြောင်း အလေး အနက်ဖော်ပြအပ်ပါသည်။

၃။ ချင်းအမျိုးသားတပ်ဦးသည် ချင်းလဲန်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) အရ ဖွဲ့စည်းထားသည့် ချင်းလဲန်းကောင်စီ ၊ ချင်းလဲန်းအစိုးရ၊ ချင်းလဲန်း လွှတ်တော်နှင့် တရား လွှတ်တော် ပိုမို အားကောင်း ခိုင်မာရေးနှင့် ၁၉၄၇ ပင်လုံကို အခြေခံ၍ ထူထောင်ခဲ့သော ပြည်ထောင်စုကြီး မပြိုကွဲရေးနှင့် နိုင်ငံရေးအရ တန်းတူညီမျှမှုရှိသော အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်နိုင်ရေးအတွက် စစ်ရေးနှင့် နိုင်ငံရေးကို ဟန်ချက်ညီစွာ အခိုင်အမာတည်ဆောက်ပြီး ယုံကြည်ချက်နှင့် ဦးတည်ချက်တူညီသော ညီနောင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အခြားမိတ်ဖက်များ၊ နိုင်ငံတကာ အစိုးရများနှင့် လက်တွဲပြီး အဆုံး တိုင်တိုက်ပွဲဝင်သွားမည် ဖြစ်သည်။

၄။ ပြည်သူ့တော်လှန်ရေး၏ (၄) နှစ်တာ စစ်ရေးနှင့် နိုင်ငံရေး တုံ့ပြန်မှုအားကြောင့် အထွေထွေ အကြပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် အကြမ်းဖက် စစ်ကောင်စီ၏ မသမာသော နိုင်ငံရေးလှည့်ကွက် ၊ စစ်ရေး အကြမ်းဖက်မှုများအပေါ် မိမိတို့ အနေဖြင့် "စစ်ရေးနိုင်ငံရေးသတိ" ရှင်ရှင်ထားပြီး ချင်းပြည် (Chinland) အတွင်း အကြမ်းဖက် စစ်တပ် အပြီးတိုင်ကင်းစင်ရေးမှသည် ပြည်ထောင်စုတစ်ဝှမ်းလုံး စစ်ကောင်စီအမြစ်ပြတ်ချေမှုန်းရေးအတွက် ဘဝတူမိတ်ဖက်တော်လှန်ရေး အင်အားစုများနှင့် ဆက်လက်ပူပေါင်း တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

၅။ အတိတ်ကာလ ဖြတ်သန်းခံစားခဲ့ကြရသည့် နိုင်ငံရေး ဆုံးရှုံးမှုများကို သင်ခန်းစာယူလျက် ပိုမို ခါးသီးသော အာဏာရှင် စနစ် ဆိုးမွေများကို အနာဂါတ် မျိုးဆက်သစ်များပြန်လည်မခံစားစေဖို့ အရေးသည် မိမိတို့ပခုံးပေါ်တွင်ကျရောက်နေပြီဖြစ်သည်နှင့်အညီ လက်ရှိတော်လှန်ရေးကာလချင်းပြည် (Chinland) ၏ စစ်ရေး နိုင်ငံရေး ပကတိ အနေအထားကို အလေးဂရုပြုပြီး လူမျိုးစွဲ၊ ဒေသစွဲ၊ အစုအဖွဲ့စွဲ၊ ပါတီစွဲ ကင်းကင်းဖြင့် "အဓိက နှင့် သာမည" ကို ခွဲခြမ်းစိတ်ဖြာပြီး တော်လှန်ရေး အင်အားစုများအကြား ခိုင်မာတဲ့ ယုံကြည်မှုကိုတည်ဆောက်ကာ အတူတကွ တိုက်ပွဲဝင်သွားကြပါရန်နှင့် ယနေ့တွင်ကျရောက်သော (၇၇) နှစ် မြောက် ချင်းအမျိုးသားနေ့အား အမျိုးသားနိုင်ငံ ရေးအနှစ်သာရရှိစွာ ကျင်းပကြပါရန် တိုက်တွန်း နှိုးဆော် အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး